dvbdebate.com   facebook.com/dvb.debate  Twitter@dvbdebate

"ဒီဗွီဘီ ဒီဘိတ်"အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV**

| | |
|---|---|
| Sunday | 7.30 pm |
| Monday | 1.30 am / 7.30 am / 1.30 pm |
| Wednesday | 8.45 pm |
| Thursday | 2.45 am / 8.45 am / 2.45 pm |
| Friday | 7.30 pm |
| Saturday | 1.30 am / 7.30 am / 1.30 pm |

**DVB RADIO**

| | |
|---|---|
| Saturday<br>Sunday | Evenings<br>Mornings |

**DVB ONLINE**

| | |
|---|---|
| dvbdebate.com<br>facebook.com/<br>dvb.debate<br>twitter @dvbdebate | 24/7 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***How to Solve the Peace Puzzle?***

ဆိုတာပဲဖြစ်ပါတယ်။

- မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week's topic is PEACE PROCESS

### *Historical context:*

မြန်မာ့ပြည်တွင်းရေး ပဋိပက္ခဟာ ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်တခုဖြစ်ပါတယ်။ ကွန်မြူနစ်သူပုန်များက အစိုးရသစ်ကို စတင် တော်လှန်ခဲ့တဲ့၊ ၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေးရရှိအပြီးမှာပဲ စတင်ဖြစ်ပွားခဲ့တာလဲဖြစ်ပြီး၊ ကရင်တိုင်းရင်းသားများကလည်း လွတ်လပ်တဲ့ ကရင်နိုင်ငံထူထောင်ဖို့ တိုက်ပွဲတွေကို စတင်ခဲ့ပါတယ်။ အခြားတိုင်းရင်းသားလူနည်းစုတွေအနေနဲ့ကတော့ စစ်အစိုးရက အာဏာရယူလိုက်ပြီး မည့်သည့် ဖက်ဒရယ်စနစ်ကျင့်သုံးအုပ်ချုပ်မှုမျိုးကိုမဆို ငြင်းပယ်ခဲ့တဲ့ ၁၉၆၂ ကာလများမှာမှ စတင် တော်လှန်ခဲ့တာဖြစ်ပါတယ်။ နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားဒေသတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိနေတာကလဲ ပဋိပက္ခကို ကြာရှည်စေနေတာလဲ ဖြစ်ပါတယ်။ နှစ်ကာလအတန်ကြာပြီးနောက် အပစ်အခပ်ရပ်စဲရေး သဘောတူညီမှုများ ရရှိခဲ့ပြီး နောက် ပြန်လည် ပျက်ပြယ်ခဲ့တာမို့ ထောင်ပေါင်းများစုသော လူထုတွေဟာ အိမ်နီးနားခြင်းတိုင်းပြည်များမှာ ဂင်ရောက်ခိုလှုံနေရပြီး၊ တချို့မှာတော့ ပြည်တွင်းမှာပဲ နေရာအတည်တကျမရှိပဲနေထိုင်ကြရသူတွေ ဖြစ်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် အရပ်သားအစိုးရသစ်တက်လာကတည်းက သီးခြားအပစ်အခပ်ရပ်စဲရေး သဘောတူညီမှုအချို့ကို လက်နက်ကိုင်အင်အားစု အားလုံးလိုလိုနှင့်ရယူလိုက်နိုင်ခဲ့သော်လည်း တချို့အင်အားစုတွေနဲ့ကတော့ ဆက်လက်တိုက်ခိုက်နေလျက်ရှိနေပါသေးတယ်။

### *Facts and Figures :*

* 1948 ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရကတည်းက စတင်ခဲ့တဲ့ ပြည်တွင်းစစ်သက်တမ်းဟာ ၆၆ နှစ် ရှိနေပြီဖြစ်ပါတယ်။
* အစိုးရက တရားဂင်အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ ရှိပါတယ်။
* UNFC ကို ၂၀၁၁ ခုနှစ် ဖေဖော်ဂါရီလ ၁၆ နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။
* ၂၀၁၁ ခုနှစ် ဩဂုတ်စ်လ ၁၈ ရက်နေ့မှာ သမ္မတဦးသိန်းစိန်က "၁/၁၁ ငြိမ်းချမ်းရေးကမ်းလှမ်းချက်"ကို ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးဆွေးနွေးဖို့ တရားဂင်ဖိတ်ခေါ် ခဲ့ပါတယ်။
* ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီကို ဖွဲ့စည်းကြောင်း ကြေငြာခဲ့ပါတယ်။
* အစိုးရက တရားဂင် အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ အနက် ၁၄ ဖွဲ့က အပစ်အခပ်ရပ်စဲရေးအတွက် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။
* လိုင်ဇာထိပ်သီးဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ မှ နိုဂင်ဘာလ ၂ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။
* မြန်မာအစိုးရကိုယ်စားလှယ်များနှင့် NCCT တို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ မြန်မာ့ငြိမ်းချမ်းရေးစင်တာတွင် တွေ့ဆုံခဲ့ကြပါတယ်။

### *Points of view:*

အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးလိုက်လို့  သေနတ်သံတွေလုံးဂတိတ်သွားလိမ်မယ်လို့ မမျှော်လင့် နဲ့ ။ ကမ္ဘာမှာလဲမရှိဘူး။ ကျတော်တို နိုင်ငံမှာလဲရှိမှာမဟုတ်ဘူး။ (ဒေါက်တာမင်းဇော်ဦး)

မြန်မာပြည်မှာ အမျိုးသားရင်ကြားစေ့ ရေးကလည်း အရေးကြီးတဲ အနေအထားမှာရှိနေတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရမှကျန်တာတွေ ဆက်လုပ်နိုင်မယ်။ (ဦးစိုင်းညွှန့် လွင်၊ SNLD)

"လူငယ်တွေ သေနတ်ကိုင်နေတာတွေထက် လက်တော့တွေ ကိုင်ဆောင်အသုံးပြုနေကြတာကို တွေ့မြင်နိုင်ဖို့ အားလုံးပိုင်းဂန်း ကျိုးပမ်းကြရမှာဖြစ်ပါတယ်" (သမ္မတဦးသိန်းစိန်)

### *Information links:*

www.mmpeacemonitor.org
www.burmapartnership.org
www.english.panglong.org
www.euro-burma.eu
www.mmtimes.com
www.karennews.org
www.karenwomen.org
www.khrg.org
www.burmalibrary.org
www.rfa.org
www.irrawaddy.org
www.dvb.no